# ဘက်စုံလွှမ်းခြုံသော အခွန်စီမံခန့်ခွဲမှုစနစ် (ITAS) အကြောင်း သိကောင်းစရာ

## နိဒါန်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန် (၄) ရပ်ချမှတ်၍ ဌာန၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **အခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင် ဆောင်ရွက်ရန်** ဟူသည့် ရည်မှန်းချက်သည်လည်း အပါအဝင်ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်ကို ဖော်ဆောင်နိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနသည် အင်တာနက်အခြေခံသည့် ဘက်စုံလွှမ်းခြုံသော အခွန်စီမံခန့်ခွဲမှုစနစ် (Integrated Tax Administration System – ITAS) ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။ ITAS စနစ်ဆိုသည်မှာ အခွန်စီမံခန့်ခွဲမှုပိုင်းဆိုင်ရာလုပ်ငန်းစဉ်များကို ခေတ်မီကွန်ပျူတာစနစ်အသုံးပြု၍ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ကာ အလိုအလျောက်ဆောင်ရွက်စေသည့် စနစ်ကောင်းတစ်ခု ဖြစ်ပါသည်။

## ITAS စနစ်ကို အကောင်အထည်ဖော်ရခြင်း အကြောင်းအရင်း

၂။ ပြည်တွင်းအခွန်များဦးစီးဌာန၏ လက်ရှိကွန်ပျူတာစနစ်များသည် စာရွက်စာတမ်းအခြေခံသည့် စနစ်သာဖြစ်ပြီး အခွန်ဆိုင်ရာကဏ္ဍများကိုလည်း စုစည်းပေါင်းစပ်နိုင်ခြင်းမရှိသေးပါ။ အခွန်ဆိုင်ရာလုပ်ငန်းစဉ်အများစုတို့ကို စာရွက်စာတမ်းအခြေခံသည့်စနစ်ဖြင့်သာ ဆောင်ရွက်ကြသဖြင့် ထွက်ရှိလာသည့် အချက်အလက်များသည်လည်း အများအားဖြင့် စာရွက်စာတမ်းများဖြင့်သာဖြစ်ပါသည်။ (ဥပမာ- ကြေညာလွှာတင်သွင်းခြင်း၊ အခွန်တောင်းခံလွှာထွက်ရှိခြင်း)

၃။ စာရွက်စာတမ်းအခြေခံသည့် လုပ်ငန်းစဉ်များသည် အချက်အလက်များ လုံခြုံရေးအတွက် သော်လည်းကောင်း၊ အခွန်ထမ်းကိုယ်တိုင် မိမိ၏အခွန်ဆိုင်ရာအချက်အလက်များကို ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်မှုအတွက်လည်းကောင်း၊ ကိန်းဂဏန်းနှင့်အချက်အလက်များမှန်ကန်မှုအတွက်လည်းကောင်း၊ အစီရင်ခံစာပြုစုရန်နှင့် လေ့လာဆန်းစစ်မှုများအတွက်အချက်အလက်များ ထုတ်ယူရာတွင်လည်းကောင်း စိန်ခေါ်မှုအမြောက်အများကို ဖြစ်ပေါ်စေပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်လုပ်ငန်းစဉ်များအားလုံးကို စာရွက်စာတမ်းအခြေခံစနစ်မှ အီလက်ထရောနစ်အချက်အလက်စနစ်သို့ ပြောင်းလဲနိုင်ရန် ITAS စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

## ITAS စနစ်ကို အကောင်အထည်ဖော်ဆောင်ရသည့် ရည်ရွယ်ချက်

၅။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ITAS စနစ်ကို အကောင်အထည်ဖော်ဆောင်ရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခေတ်မီနည်းပညာများ အသုံးပြု၍ အခွန်ထမ်းပြည်သူများအား ပိုမိုထိရောက် ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်၊

(ခ) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုကိုအခြေခံသော အခွန်စီမံခန့်ခွဲမှုစနစ်ကို တည်ထောင်နိုင်ရန်၊

(ဂ) လူဖြင့်ဆောင်ရွက်သော လုပ်ငန်းစဉ်များကို နည်းပညာဖြင့် ထိန်းချုပ်ဆောင်ရွက်သော အခွန်စီမံခန့်ခွဲမှုသို့ ကူးပြောင်းနိုင်ရန်။

## ITAS စနစ်ကြောင့် အခွန်ထမ်းများနှင့် အများပြည်သူတို့ရရှိမည့် အကျိုးကျေးဇူးများ

၆။ ITAS စနစ်ကို အသုံးပြုခြင်းဖြင့် အခွန်ထမ်းများနှင့်အများပြည်သူတို့ ရရှိခံစားရမည့် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခွန်ရုံးများသို့ လူကိုယ်တိုင် ဆက်သွယ်သွားရောက်ရမှုကို လျှော့ချနိုင်ခြင်း၊

(ခ) အခွန်ရုံး၏ ဝန်ဆောင်မှုများကို Internet အသုံးပြုနိုင်သည့် နေရာများတွင် အချိန်မရွေး ရရှိနိုင်ခြင်း၊

(ဂ) ပြည်တွင်းအခွန်များဦးစီးဌာနသို့ မိမိတို့ပေးပို့လိုသည့် မေတ္တာရပ်ခံချက်/ တောင်းဆိုချက်များကို မြန်ဆန်စွာ ပေးပို့နိုင်ခြင်း၊

(ဃ) အခွန်ငွေစာရင်းရှင်းတမ်းများကို လွယ်ကူစွာ ရယူနိုင်ခြင်း၊

(င) အခွန်ရှုထောင့်နှင့်ပတ်သက်၍ မှန်ကန်တိကျသော အချက်အလက်များကို ရရှိနိုင်ခြင်း၊

(စ) အခွန်ရုံးနှင့် ဆက်သွယ်ဆောင်ရွက်သည့် ဝင်စာ/ ထွက်စာများကို လက်ရှိအခြေအနေ အထိ မှတ်တမ်းတင်နိုင်ခြင်း၊

(ဆ) အခွန်ထမ်းနှင့်ဌာနအကြား အီလက်ထရောနစ်နည်းလမ်းဖြင့် ဆက်သွယ်နိုင်ခြင်း၊

(ဇ) မျှတမှုနှင့် တန်းတူညီမျှမှုရှိခြင်း၊

(ဈ) အခွန်ပြန်အမ်းငွေကိစ္စများကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်ပေးနိုင်ခြင်း။

## ITAS စနစ်ကြောင့် နိုင်ငံတော်အစိုးရတွင် ရရှိမည့် အကျိုးကျေးဇူးများ

၇။ ITAS စနစ်ကို ကျင့်သုံးခြင်းအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အောက်ပါ အကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်ပါသည်-

(က) အခွန်စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုထိရောက်အကျိုးရှိလာခြင်း၊

(ခ) အခွန်ဘဏ္ဍာငွေရရှိမှုကို ပိုမိုတိကျစွာ ခန့်မှန်းနိုင်ခြင်း၊

(ဂ) မူဝါဒချမှတ်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် ယုံကြည်စိတ်ချရသော အချက်အလက်များ ရရှိနိုင်ခြင်း၊

(ဃ) အခွန်ဘဏ္ဍာရရှိမှုကို တိုးလာစေခြင်း။

## ITAS စနစ်ကြောင့် ပြည်တွင်းအခွန်များဦးစီးဌာနတွင် ရရှိမည့်အကျိုးကျေးဇူးများ

၈။ ITAS စနစ်ကို ကျင့်သုံးခြင်းကြောင့် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ရရှိမည့် အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခွန်ထမ်းများကို တိကျစွာမှတ်ပုံတင်နိုင်ခြင်း၊
(ခ) အခွန်ထမ်းက လိုက်နာရမည့် တာဝန်များကို တစ်စုတည်း ကြည့်ရှုနိုင်ခြင်း၊
(ဂ) အခွန်ဆိုင်ရာတာဝန် လိုက်နာရန်ပျက်ကွက်သည့် ကိစ္စရပ်များကို ပိုမိုလွယ်ကူစွာ စုံစမ်းဖော်ထုတ်နိုင်ခြင်း၊
(ဃ) အခွန်ဆိုင်ရာတာဝန် လိုက်နာရန်ပျက်ကွက်သည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဟန့်တား၍ ဥပဒေနှင့်ညီညွတ်အောင် ကုစားနိုင်ခြင်း၊
(င) အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်မှုအဆင့် တိုးတက်စေခြင်း၊
(စ) လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု တိုးလာစေခြင်း၊
(ဆ) အခွန်ဆိုင်ရာ အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ကြည့်ရှုနိုင်ခြင်း၊
(ဇ) အခွန်ထမ်းများ၏ အခွန်ထမ်းဆောင်မှုဆိုင်ရာမှတ်တမ်းများကို အတားအဆီးမရှိ ဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊
(ဈ) ကြိုတင်နှိုးဆော်မှုများကို ပြုလုပ်နိုင်ခြင်း၊ (ဥပမာ- သုံးလတစ်ကြိမ် ကြေညာလွှာ တင်သွင်းသည့်ကိစ္စ၊ ကြိုတင်ခွန်ပေးသွင်းရန်ကိစ္စများ စသည်ဖြင့်)
(ည) လုပ်ငန်းဆောင်ရွက်မှုများကို အလိုအလျောက်စနစ်ဖြင့် စောင့်ကြည့်နိုင်ခြင်း၊
(ဋ) အီလက်ထရောနစ်မှတ်တမ်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ခြင်း၊
(ဌ) ဝန်ထမ်းများ၏ လုပ်ငန်းထိရောက်မှု တိုးတက်လာစေခြင်း၊
(ဍ) ဥပဒေပိုင်း၊ စီးပွားရေးအသိုက်အဝန်းပိုင်းနှင့် နည်းပညာပိုင်းတို့တွင် ပြောင်းလဲမှုများ ပေါ်ပေါက်ပါက ပိုမိုလွယ်ကူလျင်မြန်စွာ တုန့်ပြန်နိုင်ခြင်း၊
(ဎ) အချက်အလက်များကို သရုပ်ခွဲဆန်းစစ်နိုင်ခြင်းဖြင့် ဆုံးရှုံးနိုင်ခြေအခြေခံသည့် လိုက်နာထမ်းဆောင်မှု (risk-based compliance) ကို မြှင့်တင်ပေးနိုင်ခြင်း၊
(ဏ) အခြားတတိယ အဖွဲ့အစည်းများ၏ စနစ်များ၊ အချက်အလက်သရုပ်ခွဲစွမ်းဆောင်ရည်များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မှု တိုးတက်လာစေခြင်း၊

## ITAS စနစ်ကို အကောင်အထည်ဖော်ဆောင်ခြင်းကြောင့် အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်မှုများ

၉။ ITAS စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် အခွန်ထမ်းများအနေဖြင့် ၎င်းတို့၏ အခွန်ကိစ္စရပ်များကို စီမံခန့်ခွဲသည့်အခန်းကဏ္ဍ၌ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အခွန်ထမ်းများအနေဖြင့် ၎င်းတို့၏ အခွန်ဆိုင်ရာတာဝန်များ အချိန်မီဆောင်ရွက်နိုင်ရေးအတွက် မည်သည့် အခွန်ဆိုင်ရာတာဝန်များ ရှိနေသည်ကို ပိုမိုလေ့လာသိရှိရန် လိုအပ်သကဲ့သို့ ITAS စနစ်မှ ထောက်ပံ့ပေးနိုင်သော Online ဝန်ဆောင်မှုများအား မည်ကဲ့သို့ ရယူအသုံးပြုနိုင်သည်ကို နားလည်ဆောင်ရွက်နိုင်ရေးအတွက် ပိုမိုလေ့လာသင်ယူရန်လည်း လိုအပ်လာမည်ဖြစ်ပါသည်။ ITAS စနစ်မှ Online ဖြင့် ထောက်ပံ့ပေးမှု

ဝန်ဆောင်မှုများတွင် အခွန်ထမ်းမှတ်ပုံတင်ခြင်း၊ အခွန်ကြေညာလွှာ တင်သွင်းခြင်း၊ အခွန်ပေးသွင်းခြင်း၊ စာရင်းရှင်းတမ်းနှင့် ထောက်ခံစာတောင်းခံခြင်း စသည့် လုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်ပါသည်။

**ITAS စနစ် စတင်အသုံးပြုမည့်ကာလ**

၁၀။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စတင်တပ်ဆင်အသုံးပြုမည်ဖြစ်ပါသည်။

**နိဂုံး**

၁၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ခေတ်မီနည်းပညာများအသုံးပြု၍ အခွန်ထမ်းပြည်သူများအား ပိုမိုထိရောက်ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်၊ လူဖြင့်ဆောင်ရွက်သော လုပ်ငန်းစဉ်များကို နည်းပညာဖြင့်ထိန်းချုပ်ဆောင်ရွက်သော အခွန်စီမံခန့်ခွဲမှုသို့ကူးပြောင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံတကာ အခွန်စီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများအပေါ် အခြေခံထားသည့် Commercial-Off-The-Shelf (COTS) Product ဖြစ်သည့် Integrated Tax Administration System (ITAS) စနစ်ကို ကမ္ဘာ့ဘဏ်၏ ချေးငွေ/ ထောက်ပံ့ငွေများဖြင့် ဝယ်ယူတပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**